
စိတ်ကူးချိုချို

mgyoe.com

ရဲစတိုင်း

# ပြုံးပြီးမှရယ်

ရဲစတိုင်း ၏ ဟာသများစုစည်းမှုအမှတ်-၂



ရဲစတိုင်း

# ပြုံးပြီးမှရယ်

ရဲစတိုင်း ၏ ဟာသများစုစည်းမှုအမှတ်-၂



YST0002

600.00 KS

mgyoe.com

mgyoe.com

စာမူခွင့်ပြုချက် ၆၄၆/၂၀၀၂ (၇)

မျက်နှာဖုံးခွင့်ပြုချက် ၇၁/၂၀၀၃ (၁)

မျက်နှာဖုံးနှင့်အတွင်းပုံ ၊ နိုင်လင်း

စာအုပ်ချုပ် ဦးမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ကမာရွတ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ပထမအကြိမ်

အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ မတ်လ၊ ၂၀၀၃

တန်ဖိုး '၆၀၀ ကျပ်

mgyoe.com



## ရည်ရွယ်ချက်က

"ငါ့ညီမ့ဝမ်းကွဲတစ်ယောက် ကံအတော်ကောင်းတယ်ကွာ၊ မြို့ပေါ်က နာမည်အကြီးဆုံး အထူးကုဆရာဝန်နဲ့ ညားသွားပြီ"

"ဒါဆို ရောဂါဖြစ်ရင် ကုသဖို့ အဆင်သင့်ဆိုတော့ ဟန်ကျပြီပေါ့"

"ငါ့ညီမက ရောဂါကုချင်လို့ ဆရာဝန်ကို ယူတာမှမဟုတ်ဘဲ"

---



mgyoe.com

mgyoe.com



## သိနားလည်မှု

"မင်းတို့ထဲမှာ စန္ဒရားအကြောင်း ကောင်းကောင်းသိတဲ့သူ ပါသလားကွ"

"ပါပါတယ်ဆရာ၊ ကျွန်တော် စန္ဒရားတီးတတ်ပါတယ်။ စန္ဒရားအကြောင်း ကောင်းကောင်းသိပါတယ်"

"ဒါဆို ဒီစန္ဒရားကို ကားပေါ်တင်တဲ့အခါ မင်းက ဦးဆောင်ပြီး ဂရုစိုက် တင်ပေးစမ်းပါကွာ"

---

## အိုဘယ့် စာရေးဆရာ

"စာအုပ်တောင် မထွက်သေးဘူး၊ အရက်ဖြတ်နည်းစာမူအတွက် ငွေလာတောင်းတယ်ဆိုတော့ ဘာတွေများ အရေးတကြီး သုံးစရာရှိလို့လဲဗျာ"

"အရက်သောက်ဖို့ ဘိုင်ကျနေလို့ပါ"

---



mgyoe.com

mgyoe.com



## အဖြေကောင်း

"သမိုင်းထဲမှာ ဘုရင်တစ်ပါး ကွယ်လွန်တာနဲ့ ဘာတွေဆက်ပြီး ဖြစ်လာလေ့ရှိသလဲဆိုတာ ဖြေစမ်းကွာ"

"ဟုတ်ကဲ့၊ ဆက်ပြီးဖြစ်လေ့ရှိတာက ဘုရင်ကြီးရဲ့ ဈာပနအခမ်းအနားပါ ဆရာ"

---

## သူ့လက်ရာ

"ဒီနေ့ ကျွန်မ ချက်ကျွေးတဲ့ဟင်းက ဘယ့်နှယ်နေလဲဟင်"

"ကောင်းကယ် မိန်းမရာ၊ ချိုပြီး ဆိမ့်နေတာပဲ"

"မဟုတ်သေးပါဘူးတော်၊ ချက်နည်းပြုတ်နည်း စာအုပ်ထဲမှာ ချဉ်စပ်လို့ ရေးထားတယ်ရှင့်"

---



mgyoe.com

mgyoe.com



## ထီးတစ်လက်၏ သံသရာ

"အခုလာရတဲ့ ကိစ္စကတော့ လွန်ခဲ့တဲ့ သုံးရက်က ကျွန်တော့်ဆီက မှားသွားတဲ့ထီးကို ပြန်ယူချင်လို့ပါ"

"ဟောဗျာ၊ သူငယ်ချင်းတစ်ယောက် မနေ့က အိမ်လာလည်ရင်း ခဏမှားသွားတယ်ဗျ။ သူ့ဆီသွားတောင်းတော့ ယောက်ဖတစ်ယောက် ခဏမှားသွားလို့ပါတဲ့။ အရေးကြီးသလား၊ လိုက်ရှာပေးမယ်လေ"

"အရေးကြီးပါသော်ကောဗျာ။ ကျွန်တော်ကလည်း အဲဒီထီးကို မှားဆောင်းလာခဲ့တာ။ အဲဒါလာတောင်းနေလို့ဗျို့။ သူကလည်း ဒီထီးဟာ သူ့ထီးမဟုတ်ဘူး ခဏမှားလာတာတဲ့"

---



mgyoe.com

mgyoe.com



## စိတ်ချစမ်းပါ

"ဒီမှာရှင့်၊ လေယာဉ်ပျံမောင်းတဲ့ ဆရာကြီး၊ ကျွန်မ တစ်ခါဖူးမှ လေယာဉ်ပျံမစီးဖူးလို့ ရင်တွေ တုန်လိုက်တာရှင်။ ကျွန်မတို့ ခရီးသည်တွေအားလုံး ဘေးကင်းရန်ကင်းနဲ့ မြေပြင်ပေါ် ပြန်ရောက်မှာပါ နော်"

"စိတ်ချပါဗျာ။ ကျွန်တော် လေယာဉ်မောင်းလာတာ ကြာပါပြီ။ ဘယ်သူ့ကိုမှ ကောင်းကင်မှာ မထားခဲ့ပါဘူး"

---

## ဒါကလွယ်ပါတယ်

"ခင်ဗျားရဲ့ မြို့ပတ်ရထား လက်မှတ် မှားနေပါလား။ ခင်ဗျားစီးရမှာက လက်ဝဲရစ်၊ အခု ရထားက လက်ယာရစ်"

"ကိစ္စမရှိပါဘူး၊ ဒါဆို ကျွန်တော် နောက်ပြန် ထိုင်ပြီး လိုက်ပါ့မယ်"

---



mgyoe.com

mgyoe.com



## သူ့ဆန္ဒ

"ငါတော့ ဘာပဲဖြစ်ဖြစ် ပိုက်ဆံချမ်းသာတဲ့ မုဆိုးမ ရရင် ယူမယ်ကွာ"

"ဟော့ကောင်ရယ်၊ မုဆိုးမရဲ့ ဒုတိယလင် တော့ မဖြစ်ချင်စမ်းပါနဲ့"

"ဩ မင်းက မုဆိုးမရဲ့ ပထမလင်ဆိုရင် ဖြစ်ချင်တယ်ပေါ့လေ ဟုတ်လား"

---

## ယုံပါတယ်

"တစ်ဆိတ်လောက် ခင်ဗျား၊ ကျွန်တော့် စက်ဘီးကို ကြည့်ထားပေးစမ်းပါ"

"ဟော့ကောင် ငါက အယ်ဒီတာကွ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် ခင်ဗျားကို ယုံပါတယ်"

---



mgyoe.com

mgyoe.com



## ဒါကြောင့်မြဲတာ

"ဒီကုမ္ပဏီမှာ ကျွန်တော် အလုပ်လုပ်လာတာ ဆယ်နှစ်ကျော်ပါပြီ သူဌေးမင်းရယ်၊ တစ်ခါမှ လစာတိုးပေးဖို့ မပြောခဲ့ပါဘူး"

"အေးလေ အဲဒါကြောင့်လည်း မင်း ငါ့ဆီမှာ ဆယ်နှစ်ကျော်နေနိုင်တာပေါ့"



mgyoe.com

mgyoe.com



## ယုံပါဘူး

"အဲဒီ အဆိုတော်လင်မယား ကွဲသွားတာ ကြာပြီကွ"

"မဖြစ်နိုင်တာကွာ၊ တစ်လတစ်ခါလောက် ရေဒီယိုထဲမှာ သူတို့စုံတွဲသီချင်းကို ကြားနေရတာပဲ ဟာ"

---

## မေမေ့စကား

"လက်ရေးညံ့လိုက်တာကွာ၊ မင်းကို နေ့တိုင်း ရိုက်ရတာလည်း လက်ညောင်းလှပြီ၊ မင်းအိမ်က ဘာမှ ဂရုမစိုက်ဘူးလား"

"ကျွန်တော့် မေမေက ပြောတယ်ဆရာ၊ ငါ့သား လက်ရေးမလှလည်း ကိစ္စမရှိဘူးတဲ့၊ ဘယ်သူမှ မဖတ်တတ်ရင်နေပါစေတဲ့၊ ကြီးရင် ဆရာဝန်လုပ်ခိုင်းမှာတဲ့"

---



mgyoe.com

mgyoe.com



## ဘယ်သူ့လက်ချက်လဲ

"ဟိုနေ့က လေးထပ်တိုက်ပေါ်က မင်း ခုန်ချတာ အံ့ဩတယ်ကွာ၊ ရုပ်ရှင်ထဲက စတန့်မင်းသားတွေ စွန့်စားပြတဲ့အတိုင်းပဲ၊ ကားရိုက်ဖို့ လေ့ကျင့်နေတာလား"

"ဟင်း... ဟင်း... ငါလည်း စဉ်းစားနေတာ၊ ဘယ်သူများ ငါ့ကိုတွန်းချလိုက်တာလဲလို့"

---

## အကြီးမားဆုံးပြစ်မှု

"ခင်ဗျားယောက်ျားနဲ့ ကွာရှင်းခွင့်တောင်းခံရအောင် သူက ဘယ်လိုအပြစ်တွေများ ကျူးလွန်နေလို့လဲ"

"သူ့အတွက် သတ်သတ် ကျွန်မ ချက်ကျွေးတာမန်သမျှ သူမစားခင် ကျွန်မကို အရင်စားခိုင်းလို့ပါ"

---



mgyoe.com

mgyoe.com



# တစ်ယောက်တစ်လှည့်

"ကျွန်တော်တို့နှစ်ယောက် လက်ထပ်ပြီးတဲ့ အထိမ်းအမှတ်အဖြစ် ဟန်းနီးမွန်းထွက်ချင်လို့ ခွင့်ဆယ်ရက်လောက် ပေးပါခင်ဗျာ"

"အင်း... ခက်တာပဲ။ လောလောဆယ် အလုပ်တွေ ကျပ်နေတော့ တစ်ယောက်ယောက် မရှိရင်လည်း မဖြစ်ပြန်ဘူး။ နှစ်ယောက်စလုံးက ငါ့ကုမ္ပဏီရဲ့ စံပြဝန်ထမ်းတွေဆိုတော့ ခွင့်မပေးနိုင်ဘူးလို့လည်း မပြောရက်ပြန်ဘူး။ ဒီတော့ တစ်ယောက်တစ်လှည့်စီသွားကြဖို့ မေတ္တာရပ်ခံပါရစေကွာ"

---



mgyoe.com

mgyoe.com



## သူ့နေရာသူပြန်သွား

"ဟောဒီခွက်ထဲက ကျောက်ခဲလေးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ဪ...အဲဒါ ကျောက်တုံးလေးတွေလား၊ ကျွန်တော်က သောက်ရမယ့်ဆေးမှတ်လို့ ခုနကပဲ သောက်လိုက်မိပြီ ဆရာမ"

"ဟောတော် ဒုက္ခပါပဲ။ အဲဒါ ရှင် သတိရလာရင် ပြဖို့ထားတာ။ ရှင့်ဆီးအိမ်ထဲက ခွဲထုတ်ထားတဲ့ဟာတွေရှင့်"

---



mgyoe.com

mgyoe.com



## မေးမှသိတယ်

"မင်းတို့လင်မယား ပြန်ပေါင်းထုပ်သွားကြပြီ လို့ကြားရတာ ဝမ်းသာတယ်ကွာ၊ နေ့ခင်းတုန်းကတောင် မင်းတို့အိမ်ရှေ့က ဖြတ်လျှောက်တော့ မင်းတို့လင်မယားနှစ်ယောက် ထင်းတွေအတူတူ ခွဲနေကြတာ တွေ့မိသေးတယ်ကွ"

"ထင်းမဟုတ်ဘူး သူငယ်ချင်းရဲ့၊ အိမ်ထောင်ပရိဘောဂတွေ"

---

## အိပ်တော့အိပ်ပါတယ် ဒါပေမဲ့

"ဘယ့်နှယ်လဲ ကျွန်တော် ညွှန်ကြားတဲ့အတိုင်း အိပ်တဲ့အခါ ပြတင်းပေါက်တွေ ပိတ်ပြီးအိပ်တယ် မဟုတ်လား"

"အိပ်တယ်ဆရာ၊ ဒါပေမဲ့ ရုံးသူရုံးသားတွေ အားလုံး အိုက်လို့မှောင်လို့ဆိုပြီး ကျွန်တော့်ကို ပူညံပူညံ ပြောကြတယ်"

---



mgyoe.com

mgyoe.com



## သဘောပေါက်ပါတယ်နော်

"ကျွန်တော့်ကိုတော့ အမှန်အတိုင်းပြောပြထားမှ ဖြစ်လိမ့်မယ်။ ဒီအမှုကို ခင်ဗျားကိုယ်တိုင်ကျူးလွန်ခဲ့မိတာ ဟုတ်သလား၊ မဟုတ်ဘူးလား"

"ရော... ခက်ကပြီ၊ ရှေ့နေကြီးရယ်။ ဒီအမှုအတွက် ရှေ့နေကြီးကို ဈေးကြီးကြီး ပေးထားကတည်းက သဘောပေါက်သင့်ပါတယ်ဗျာ"

---

## ပူမနေစမ်းပါနဲ့

"ဟော့လူတွေ လိုက်မယ်ဆို မြန်မြန်လုပ်ကြလေ။ ဟိုမှာ သင်္ဘောက ဥသြဆွဲနေပြီ"

"အိုကွာ၊ သူ့ဟာသူ ဘယ်လောက် ဥသြဆွဲဆွဲ၊ လက်မှတ်က ငါ့ဆီမှာပဲဟာ"

---



mgyoe.com

mgyoe.com



## ဥပါယ်တံမျဉ်

**ဆရာဝန်** – ဟောဟိုခုတင်က နာတာရှည်လူမမာကို မနက်ဖြန်ကျရင် ခြေထောက်ဖြတ်ဖို့ စီစဉ်ထားတယ်လို့ ဘာကြောင့် သွားပြောရတာလဲ။

**သူနာပြု** – သူ ချက်ချင်း လမ်းထလျှောက်ချင်အောင် လို့ပါ ဆရာ။

---





mgyoe.com

mgyoe.com



## ဟယ်... လောက

"လောကကြီးဟာ တကယ်ကို မတရားဘူး၊ ကျွန်မအဖို့ နေ့တိုင်း မီးဖိုချောင်ထဲဝင်ပြီး မချက်ချင်ဘဲနဲ့ ချက်နေရတယ်"

"ဟုတ်တယ်၊ လောကကြီးဟာ မတရားဘူး၊ ငါလည်း နေ့တိုင်း မင်းချက်ကျွေးတာတွေ မစားချင်ဘဲနဲ့ စားနေရတယ်"

---

## ရန်သူမှန်ရင်

"ဒေါက်တာ့ဆီမှာ ရန်သူမရှိဘူးလားဟင်"

"ဟင့်အင်း မရှိပါဘူး၊ သူတို့အားလုံး ကိစ္စချောကုန်ကြပါပြီ"

---



mgyoe.com

mgyoe.com



## သူဌေး၏ ဖြောင့်ချက်

"တောကနေပြီး ဒီမြို့ကို ကျွန်တော်စရောက်တော့ ကျွန်တော့်လက်ထဲမှာ ငါးဆယ်တန်တစ်ရွက်ပဲရှိတယ်ဗျ။ အဲဒါနဲ့ ဈေးထဲမှာ အာလူးနည်းနည်း၊ ခရမ်းသီးနည်းနည်း၊ ကုလားပဲနည်းနည်းစီဝယ်ပြီး ဟင်းချက်ရောင်းတာ ငွေတစ်ရာရတယ်။ ရလာတဲ့ငွေတစ်ရာနဲ့ ထပ်ပြီးတော့ ကုလား ပဲ၊ အာလူး၊ ခရမ်းသီးတွေဝယ်ပြီး ဟင်းချက်ရောင်းတာ ငွေနှစ်ရာဖြစ်လာခဲ့တယ်"

"ဩော်... သိပြီ သိပြီ၊ အခုလို ဆပြန်တိုးအရင်းပြုပြီး ဟင်းချက်ရောင်းရင်း ကုမ္ပဏီပိုင်ရှင်သူဌေးကြီး ဖြစ်လာတာပေါ့နော်"

"ဟင့်အင်း၊ အဲဒီလို ဟင်းချက်ရောင်းနေတုန်းတစ်နှစ်လောက်ကြာတော့ ကျွန်တော့်ဦးလေး ဆုံးသွားတယ်။ သူက လူပျိုကြီးဆိုတော့ အမွေဆက်ခံသူအဖြစ် ကျွန်တော့်ကိုသူပိုင်တဲ့ ကုမ္ပဏီ လွှဲပေးသွားတယ်လေ"

---



mgyoe.com

mgyoe.com



## ရှူးတိုးတိုး

"ကျွန်တော် အရမ်းခေါင်းကိုက်နေလို့ လာပြတာပါ ဆရာ"

"ဒီလောက်တောင် ဘာဖြစ်လို့ အော်ပြောနေရတာလဲ၊ ကျုပ် နားမပင်းပါဘူးဗျ။ ကိုင်းပြောစမ်း၊ အခုလို ချောင်းဆိုးနေတာ ဘယ်လောက်ကြာပြီလဲ"

---

## အနိုင်ရသူမို့

"လွတ်မြောက်သွားတဲ့ အကျဉ်းသားဟာ ဘယ်လိုနည်းနဲ့ ထွက်ပြေးနိုင်တာလဲ"

"အချုပ်ခန်းသော့နဲ့ဖွင့်ပြီး ထွက်သွားတာပါ"

"သော့ကို ဘယ်လိုလုပ်ပြီး ရသွားတာလဲ။ ခိုးယူတာလား"

"ဟင့်အင်း သူနဲ့ကျွန်တော် ရိုးရိုးသားသား ဖဲကစားရင်း သူ အနိုင်ရသွားလို့ ကျွန်တော့်ဆီက ယူသွားတာပါ"

---



mgyoe.com

mgyoe.com






mgyoe.com

mgyoe.com


## သူ မှာထားခဲ့လို့

"ညကြီးမင်းကြီး ခြေအိတ်ကို ခေါင်းမှာပတ်ပြီး ဘာထွက်လုပ်နေတာလဲ"

"ကျွန်မယောကျ်ားက မှာထားလို့ပါ။ သူ ခရီးသွားနေတုန်း ညဘက် အပြင်ထွက်ရင် လူရမ်းကားတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ခြေအိတ်အထက်ပိုင်းကို မထိစေနဲ့ဆိုလို့"

---


mgyoe.com

mgyoe.com








mgyoe.com

mgyoe.com


## မှားယွင်းမှု၏ ရလဒ်

"မင်းနဲ့ငါ ညားလာတာ အခုဆိုရင် အိမ်ထောင်သက်တမ်း အနှစ်အစိတ်ရှိပြီ။ တကယ်တမ်းပြောရရင် အဲဒီကိစ္စဟာ မှားယွင်းမှုတစ်ခုရဲ့ ရလဒ်ပဲ"

"ဘယ်လို ဘယ်လို ဘာပြောတယ် ရှင်းစမ်းပါဦး"

"ဒီလိုလေ၊ အဲဒီမင်းကို စတွေ့တဲ့နေ့က ငါ လေချွန်မိတာ မင်းကိုခေါ်တာ မဟုတ်ဘူး။ တက္ကစီသမားကိုကွ"

---


mgyoe.com

mgyoe.com



## တစ်ခုခုတော့ ဖြတ်ရမယ်

**ဆရာဝန်** – ခင်ဗျား ဆေးလိပ်သောက်တာ ရပ်လိုက်ပါ။

**လူနာ** – ကျွန်တော် လုံးဝ ဆေးလိပ်မသောက်တတ်ဘူး ဆရာ။

**ဆရာဝန်** – ဒါဆို အရက်လုံးဝ မသောက်ပါနဲ့။

**လူနာ** – အရက်လည်း ကျွန်တော် မသောက်တတ်ပါဘူး။

**ဆရာဝန်** – ခင်ဗျား အာလူးကြော် ကြိုက်လားဗျ။

**လူနာ** – ဟုတ်ကဲ့၊ အာလူးကြော်ကို သိပ်ကြိုက်ပါတယ်။

**ဆရာဝန်** – ဒါဆို အာလူးကြော် နောက်မစားနဲ့တော့။

---



mgyoe.com

mgyoe.com



## ဖြည်းဖြည်းသွားလည်း ရောက်ပါတယ်

"ဗျိုး ဆရာကြီး၊ ဒီလမ်းအတိုင်း မောင်းသွားရင် ရှိတ်စပီးယားရဲ့အိမ်ကို ရောက်နိုင်ပါ့မလားဗျ"

"ရောက်တယ်၊ ဒါပေမဲ့ သိပ်ပြီး အလျင်လိုစရာ မလိုပါဘူးလေ၊ သူ သေသွားတာ ကြာပြီပဲ"

---

## အပင်ပန်းမခံချင်ပါနဲ့

"ခင်ဗျားကို ဝမ်းနည်းစကား ပြောရဦးမယ်၊ ခင်ဗျားဗိုက်ကချုပ်ရိုးတွေ ပြန်ဖွင့်ရလိမ့်မယ်ဗျာ"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ခင်ဗျား ဗိုက်ထဲမှာ ကတ်ကြေးတစ်လက် မေ့ကျန်ခဲ့လို့ပါ"

"အင်း... ကတ်ကြေးတစ်လက်အတွက်နဲ့တော့ ပြန်မဖွင့်ချင်စမ်းပါနဲ့ ဒေါက်တာရယ်။ ရော့... ပိုက်ဆံ။ အသစ်တစ်လက် ဝယ်လိုက်ပေါ့"

---



mgyoe.com

mgyoe.com



## အဖြေမှန်

**ဆရာ။** ။ ဆယ့်ရှစ်စုရာနှစ်လောက်က ကမ္ဘာ့ ကျော်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေအကြောင်း ဘယ်သူ ပြောနိုင်သလဲ။

**ကျောင်းသား။** ။ ဟုတ်ကဲ့ ကျွန်တော် ပြောနိုင်ပါတယ် ဆရာ၊ သူတို့အားလုံး အခု အနိစ္စရောက်ကုန်ကြပါ ပြီ။

---

## ဖဲဒင်ဆရာ

**ဖဲဒင်ဆရာ။** ။ ခင်ဗျားမှာ ကလေးသုံးယောက် ရှိရမယ်။

**မေးသူ။** ။ ဟင့်အင်း၊ ဒါဆို ဆရာ မှားသွားပြီ။ ကျွန်တော့်မှာ စုစုပေါင်း ကလေးငါးယောက်တောင် ရှိပါတယ်။

**ဖဲဒင်ဆရာ။** ။ ဘာလဲ၊ ခင်ဗျားက သူတို့အားလုံးရဲ့ ဖခင်လို့ ကိုယ့်ကိုယ်ကို ထင်နေတယ်ပေါ့လေ။

---



mgyoe.com

mgyoe.com



## သူတို့ သိပုံ သိနည်းက

"နေကြတ်တာတို့ လငပုပ်ဖမ်းမယ့် အချိန်တို့ကို သိပ္ပံပညာရှင်တွေ ဘယ်လိုများ ကြိုသိနေကြလဲ မသိဘူးနော်"

"ဘာလဲ မင်းက သူတို့ကို သတင်းစာ မဖတ်ဘူး ထင်လို့လား"

---

## အချက်နှစ်ချက်

"သား ဒီနေ့ ကျောင်းမသွားချင်ဘူး မေမေ"

"ဘယ်ဖြစ်မလဲ သားရယ်၊ အဓိကအချက်နှစ်ခုကြောင့် မဖြစ်မနေ သွားရမယ်ကွဲ့။ တစ်အချက် သားဟာ အခုဆိုရင် အသက် ငါးဆယ့်လေးနှစ်ရှိပြီ။ နှစ်အချက် သားဟာ ကျောင်းအုပ်ကြီးတစ်ယောက် ဖြစ်နေတယ်လေ"


---



mgyoe.com

mgyoe.com





# သူ့အထင်

“ဒီလောက်ဝေးလံတဲ့ ခရီးမှာ ဘာဖြစ်လို့ မြင်းကိုမစီးဘဲ မောင်းလာရတာလဲ”

“ခြေလေးချောင်း ပြေးတာတက် ခြေခြောက်ချောင်းပြေးတာက ပိုမြန်မယ်ထင်လို့ပါ”

---



mgyoe.com

mgyoe.com



## အပြန်အလှန်

"ဟိုမှာရပ်နေတဲ့ မိန်းမကို ရှင် သိသလား ဟင်"

"အဲဒါ ကျွန်တော့်ဇနီးပါ"

"အို... မေးမိတာ တောင်းပန်ပါတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဖွင့်ပြောမိတာ ဝမ်းနည်းပါတယ်ဗျာ"

---

## နောက်ကိုမကြာစေနဲ့

"ဘယ့်နှယ်လဲ မောင်၊ ဒီနေ့ အိမ်ပြန်နောက်ကျလှချည်လား၊ ဘယ်ကိုသွားပြီးသဝေထိုးနေတာလဲ"

"လမ်းဖြတ်ကူးတုန်း ကားတိုက်ခံရလို့ပါ မိန်းမရယ်"

"အောင်မလေးတော် ကားတိုက်ခံရတာ ဒီလောက်တောင်ပဲ ကြာရသလား၊ လွန်လွန်းပါရဲ့"

---



mgyoe.com